# အစားအစာ ထောက်ပံ့မှု အစီအစဉ် ပြင်ဆင်ချက်များသည် တရားဝင် ရွှေ့ပြောင်းနေထိုင်သူများအား အကျိုးကျေးဇူး ပိုမို ရရှိစေသည်။

**ကျွန်ုပ်သည် အမေရိကန် နိုင်ငံသား မဟုတ်ပါ။ အစားအစာထောက်ပံ့မှု ရရှိနိုင်ပါသလား။**

- သင်သည် တရားဝင်ရွှေ့ပြောင်းနေထိုင်သူဖြစ်ပြီး သင်၊ သင့်အိမ်ထောင်ဖက် (သို့) သင့်မိဘများ၌ အမေရိကန်နိုင်ငံအတွင်း အလုပ်လုပ်နေကြောင်း မှတ်တမ်းရှိပါက **လက်ရှိအချိန်၌** သင်သည် အစားအစာထောက်ပံ့မှု အစီအစဉ်နှင့် အကျုံးဝင်နိုင်ပါသည်။ (သင်သည် လိုအပ်သော အလုပ်ချိန် ပြည့်မှီ မမှီကို အစားအစာ ထောက်ပံ့ရေးရုံးမှ ကူညီစဉ်းစားပေးနိုင်မည် ဖြစ်သည်)။ အမေရိကန်နိုင်ငံသို့ ဒုက္ခသည်အဖြစ်လာရောက်နေထိုင်သူများနှင့် အခြားနည်းတချို့ဖြင့် လာရောက်နေထိုင်သူများသည်လည်း အကျုံးဝင်ပါ သည်။ အကယ်၍ သင်သည် အမေရိကန်ပြည်ထောင်စုသို့ ဩဂုတ်လ ၂၂ ရက်၊ ၁၉၉၆ခုနှစ်မှာ တရားဝင်နေထိုင်သူဖြစ်***ပြီး*** (၁) သင်သည် ထိုအချိန်၌ အသက် ၆၅ နှစ်ရှိသူ (ဩဂုတ်လ ၂၂ရက်၊ ၁၉၃၁ခုနှစ် (သို့) မတိုင်ခင် မွေးဖွားသူ) ***(သို့)*** (၂) သင်သည် လက်ရှိ မသန်မစွမ်းသူထောက်ပံ့ကြေးရနေပြီး ***(သို့)*** (၃) လက်ရှိအချိန်၌ အသက် ၁၈နှစ်အောက် ရှိသူဖြစ်ရမည်။ တရားဝင်သတ်မှတ် ထားချက်နှင့်အညီ အမေရိကန်ပြည်ထောင်စုတွင် ၅နှစ်နေထိုင်ပြီးသူများလည်း ခံစားခွင့်ရှိနိုင်သည်။

**မည်သည့်ပြောင်းလဲမှုများ ပြုလုပ်ပြီးပါပြီလဲ။**

- မေလ ၁၃ ရက် ၂၀၀၂ တွင် သမ္မတ ဘုရှ်သည် "လယ်ယာမြေအာမခံချက်နှင့် ကျေးလက် ရင်းနှီးမြှုပ်နှံမှု ဥပဒေ" (Farm Security and Rural Investment Act of 2002) တစ်ခုကို လက်မှတ်ရေးထိုးခဲ့ပါသည်။ ထိုဥပဒေအရ ဝင်ငွေ နည်းသော နိုင်ငံသား မဟုတ်သူများနှင့် တရားဝင်ရွှေ့ပြောင်းနေထိုင်သူများက အစားအစာထောက်ပံ့မှုအစီအစဉ်၏ သတ်မှတ်ထားသော ဝင်ငွေနှင့် အခြေခံ လိုအပ်ချက်များ ကိုက်ညီသူများ ဖြစ်ပါက အစားအစာ ထောက်ပံ့မှုများ ရစေပါသည်။

**ဥပဒေသစ်သည် မည်သည့်အချိန်၌ အကျုံးဝင်မည်နည်း။**

- ၂၀၀၂ခုနှစ် ဥပဒေအရ တရားဝင် ရွှေ့ပြောင်းနေထိုင်သူအချို့သည် အစားအစာ ထောက်ပံ့မှု အကျိုးခံစားခွင့်ခွင့်များကို အောက်တိုဘာ ၁၁၊ ၂၀၀၂ တွင် အစောဆုံး ရရှိနိုင်ပါသည်။ သို့ပါသော်လည်း အများစုအတွက်နောက်ပိုင်းမှ ရရှိနိုင်ပါမည်။ အကျုံးဝင်ခွင့် စတင်ချိန်နှင့် ပါတ်သက်သော အချက် အလက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

> ၂၀၀၂ ဥပဒေသည်၊ထောက်ပံ့မှုအစီအစဉ်လိုအပ်ချက်နှင့်ပြည့်စုံသော တရားဝင် ရွှေ့ပြောင်းနေထိုင်သူများနှင့်သာ အကျုံးဝင်**ပြီး** ထိုသူများသည်
>
> ✓ မသန်မစွမ်းသူများ ထောက်ပံ့ကြေး ရရှိနေသူများ (ဥပမာ လူမှုဖူလုံရေး (သို့)မသန်စွမ်းသူများ ဆေးကုသမှု အထောက်အပံ့) (ဤအုပ်စုအတွက် အကျုံးဝင်ခွင့်သည် **၂၀၀၂ ခုနှစ် အောက်တိုဘာ ၁ ရက်**မှစတင်သည်)
>
> ✓ အမေရိကန်ပြည်ထောင်စုမှာတရားဝင် ၅ နှစ်နေပြီး (ထိုအုပ်စုအတွက် အကျုံးဝင်ခွင့် သည် **၂၀၀၃ ခုနှစ် ဧပြီ ၁ ရက်**မှ စတင်သည်) (သို့)
>
> ✓ အသက် ၁၈နှစ်အောက် ရှိသူဖြစ်ပြီးအမေရိကန်ပြည်ထောင်စုသို့ ၁၉၉၆ခုနှစ် ဩဂုတ်လ ၂၂ ရက်နောက်ပိုင်း ဝင်ရောက်လာသူများ (ထိုအုပ်စုအတွက် အကျုံးဝင်ခွင့် သည် **၂၀၀၃ ခုနှစ် အောက်တိုဘာ ၁ ရက်**မှ စတင်သည်)

**မည်သည့်ရွှေ့ပြောင်းနေထိုင်သူများသည် အရည်အချင်း ပြည့်စုံသူများဖြစ်သနည်း။**

- အရည်အချင်းနှင့်ပြည့်စုံသောရွှေ့ပြောင်းနေထိုင်သူများတွင်တရားဥပဒေနှင့်အညီ ရာသက်ပန်နေထိုင်သူများ (Green Card ကိုင်ဆောင်ထားသူများ)၊ ဒုက္ခသည်များ၊ခိုလှုံသူများ၊ပြည်နှင်ဒဏ်ခံပေးမှုရုတ်သိမ်းခံရသူများ၊ကျူးဘား ဟေတီမှ ခိုလှုံသူများ၊ အမေရိကန်ပြည်ထောင်စုတွင် လူဝင်မှုကြီးကြပ်ရေးနှင့် နိုင်ငံသားပြုမှုဌာန (Immigration and Naturalization Service – INS) Parole အနည်းဆုံး တစ်နှစ် ရရှိသူများ၊ အခြေအနေအရ ဝင်ရောက်သူများနှင့် အိမ်တွင်း အကြမ်းဖက်မှု၏ ဓါးစာခံ တစ်ချို့ပါဝင်ပါသည်။

**ဤဥပဒေသည် အကျုံးဝင်ခွင့် ရရှိပြီးသူ ရွှေ့ပြောင်းနေထိုင်သူများအတွက်  စည်းမျဉ်းများ ပြောင်းလဲမှု ဖြစ်စေပါသလား။**

- မပြောင်းလဲပါ။ ယခင်အကျုံးဝင်သူတိုင်း ဆက်လက်၍ အကျုံးဝင်နိုင်ပါသည်။

**ဤဥပဒေသည် တိုင်းပြည်အတွင်းရှိ ဉာဘတာထောက်ထားမှု အကြောင်းပြချက်များဖြင့် နေထိုင်နေသည့် နိုင်ငံသား မဟုတ်သူများအတွက် အကျုံးဝင်ပါသလား။**

- အကျုံးဝင်ပါသည်။ ၂၀၀၂ ခုနှစ် ဥပဒေအရ ဒုက္ခသည်များ ခိုလှုံသူများ အမေရိကန်ဖွား အာရှနွယ်များနှင့် ကျူးဘား (သို့) ဟေတီခိုလှုံသူများအတွက် အစားအစာထောက်ပံ့မှု အပေါ်တွင် ၇ နှစ် ကန့်သတ်ထားခြင်း မရှိနိုင်တော့ပါ။ ၂၀၀၃ ခုနှစ် ဧပြီလ ၁ ရက်နေ့မှ စ၍ ဤနိုင်ငံသား မဟုတ်သူများသည် ထိုအစားအသောက် ထောက်ပံ့ရေး အစီအစဉ်၏ သတ်မှတ်ထားသော ဝင်ငွေနှင့် အခြေခံလိုအပ်ချက်များနှင့် ပြည့်စုံနေသမျှ ကာလပတ်လုံး အကျုံးဝင်ခွင့် ရှိပါသည်။

**ကျွန်ုပ်မသန်မစွမ်းဖြစ်သည်ကို အစားအစာထောက်ပံ့မှု အစီအစဉ်မှ ဆုံးဖြတ် ပါမည်လား။**

- မဆုံးဖြတ်ပါ။ သင်သည် မျက်မမြင် ( သို့မဟုတ်) မသန်မစွမ်းသူ ဖြစ်သောကြောင့် ဥပမာ ဆေးကုသခွင့် အထောက်အပံ့လို အကျိုးခံစားခွင့် (သို့မဟုတ်) အကူအညီကို အစီအစဉ် တခုခုမှရရှိပါလိမ့်မည်။

**အကယ်၍ ကျွန်ုပ်သည် အကျုံးဝင်ခွင့် မရှိသော ရွှေ့ပြောင်းနေထိုင်သူ ဖြစ်ခဲ့သည့်တိုင်အောင် ကျွန်ုပ်၏ နိုင်ငံသား ဖြစ်ပြီးသူ ကလေးအတွက် အကျိုးခံစားခွင့်များ ရှိနိုင်ပါသည်လား။**

- ရရှိနိုင်ပါသည်။ သင်၏ကလေး (သို့မဟုတ်) သင်၏ အိမ်ထောင်စုအတွင်းရှိ အခြားအကျုံးဝင်သူများအတွက် လျှောက်လွှာတင်သည့်အခါ သင်နှင့် သက်ဆိုင်သော စာရွက်စာတမ်း အချက်အလက်များကို တင်ပြရန် မလိုအပ်ပါ။ သို့သော်လည်း သင်၏ ဝင်ငွေနှင့် ပိုင်ဆိုင်မှုအထောက်အထားများကို သက်သေပြရန် လိုအပ်ပါသည်။ သို့မှသာ အစားအစာ ထောက်ပံ့ရေး အစီအစဉ်မှ အမှုထမ်းများသည် ၎င်းတို့အတွက် အစားအစာထောက်ပံ့မှု အကျိုးခံစားခွင့် မည်မျှရရှိနိုင်မည်ကို သတ်မှတ်နိုင်မည် ဖြစ်ပါသည်။

**အကယ်၍ ကျွန်ုပ်သည် နိုင်ငံသားဖြစ်လိုပါလျှင် ဤအစားအသောက်ထောက်ပံ့မှု ရရှိခြင်းကြောင့် နစ်နာပါမည်လား။**

- မနစ်နာပါ။ ရွှေ့ပြောင်းခိုလှုံသူတစ်ယောက်သည် အစားအသောက် ထောက်ပံ့မှု လက်ခံရရှိခြင်းအတွက် "အများနှင့် သက်ဆိုင်သော နစ်နာမှု" မရှိစေပါ။ ဆိုလိုသည်မှာ အမေရိကန်ပြည်ထောင်စုသို့ တရားဝင်ရွှေ့ပြောင်းနေထိုင်သူ (သို့မဟုတ်) သူမသည် အစားအစာထောက်ပံ့မှု ရရှိနေသည့်အတွက် ပြည်နှင်ဒဏ်ပေးခြင်း နိုင်ငံတွင်း ဝင်ရောက်ခွင့် မပေးခြင်း(သို့) ရာသက်ပန်နေထိုင်သူဖြစ်ခွင့် (သို့) "ဂရင်းကဒ်" မပေးခြင်း တို့ ဖြစ်လိမ့်မည် မဟုတ်ပါ။

**ကျွန်ုပ်မည်သို့လျှောက်လွှာတင်ရမည်နည်း။ (သို့) မည်သို့ပို၍ လေ့လာ ရမည်နည်း။**

- အစားအစာ ထောက်ပံ့မှုရရန် သင့်ဒေသဆိုင်ရာ အစားအစာထောက်ပံ့မှုရုံး၌ လျှောက်လွှာတင်ရပါမည်။ ထိုရုံးသည် ဒေသဆိုင်ရာ ဖူလုံရေးရုံးနှင့် အမြဲအတူတွဲ၍ တည်ရှိနေပါသည်။
- သတင်းအချက်အလက်များ ပိုမိုရရှိရန် ဖုန်းစာအုပ်၏ အပြာရောင်စာမျက်နှာများရှိ လူမှုဝန်ထမ်းရေးရာဌာန (social services department) (သို့မဟုတ်) ဖူလုံရေးဌာန (welfare department) အောက်တွင်ရှိသော သင့်ဒေသဆိုင်ရာ အစားအစာ ထောက်ပံ့မှုရုံး (သို့မဟုတ်) နိုင်ငံပိုင် အလကားဆက်သွယ်နိုင်သောနံပါတ် **1-800-221-5689** သို့ ဆက်သွယ်ပါ။
- နိုင်ငံပိုင် အလကားဆက်သွယ်နိုင်သောနံပါတ်များ၌ စပိန်စကားပြောတယ်လီဖုန်း လက်ခံသူများ ရှိပါသည်။

***အစားအစာ ထောက်ပံ့မှုကအမေရိကန်ပြည်ထောင်စုကို ကြံ့ခိုင်စေပါသည်။***

*အမေရိကန်ပြည်ထောင်စုလယ်ယာ စိုက်ပျိုးရေး ဦးစီးဌာန ယူအက်စ်ဒီအေ (United States Department of Agriculture – USDA) သည် တူညီသော အခွင့်အရေး ထောက်ပံ့ရှင်နှင့် အလုပ်ရှင်အဖွဲ့အစည်း တစ်ခုဖြစ်ပါသည်။*